www.burmeseclassic.com

# ရန်ကုန်မြို့၊ပုဇွန်ထောင်တပ်မြေနေ။ဆရာခရေးစီ
# လိုက်သော။ပုသိမ်ရွှေမုဋ္ဌော
# သမိုင်းပြဇာတ်။

၃၀၉၃၀၃

## နိဒါန်း။

ဇေယျတုသဗ္ဗမင်္ဂလံ။ ။ညွှန်မ ဆုံး လတ်။ မွန်သုံး ရပ်
တွင်။နတ်ဝိသုကာံ။ ပြုစီမံသို့။ သာဂဟံ ပေါင်းကြို့။ပုသိမ်မြို့၌။
ရှိမှိုဝေညီး။ ကုသိုလ် အရှည်။ နှုံ့ပျို စည်တဲ့။ အသည်ကြီး
တွင်။တည်မှိုးရောင်းဝယ်။ကောင်းစဘွယ်ဖြင့်။ ပေါင်းသွယ်
ရပေး၊ဂုဏ်ရည်ပိုပို။ ကုန်သည်ဆိုတဲ့။ ကိုလူကလေးက။ချို
အေးသိသာ။တိုက်တွန်းလှာ၍။ဆရာ မောင်ခ။ ကွက်ရုံဖိတ်
ဖိတ်၊စက်ပုံလိုနှိပ်နိုင်သည့်။ပရိပ္ပနှင့်။ဟာသပညာ။ မှန်ကန်
စွာဖြင့်။ကာရိယာဂုဏ်း၊ညှိနှိုင်းမှျော်ဆ။ ဒေါသဆဲ့နှစ်။အပြစ်
ကြီးငယ်။သင့်တင့်အောင်ရွေးချယ်၍။ မယ်ဘွဲ့မောင်ဘွဲ့။အ
တွဲ့အကြော့။ အပြော့အပြောင်း။ တင့်ကြောင်းမသွေ။ ထိုအ
နေ့တိုက်ကို။အခြေယုတ်မြတ်။ ပုဒ်မစပ်ရ အောင်။ ထုပ္ပတ်သေ
ချာ။ချားနားစွာနှင့်။ မဟာ ဝေပူ။ ဘွေအငူက။ နေသူရကန်။
ကျောက်မျက်ပျံ့ကို။ လျှင်မြန်တခဏ။ ဆောင် ယူ၍ ပြသကဲ့
သို့။သိမ်နဂရ နယ်အပျင်ဝယ်။ မုဋ္ဌောရှင် မြတ် သမိုင်းကို။
ရပ်တိုင်းမှာသူငါသိစေဘို့။ နိုင်းညှိခါညာဏ် ရှိန်ဖွဲ့စုံ၍။ ပြ
ဇာတ်သစ်ထုတ်လိုက်ပါဦးအံ့။

www.burmeseclassic.com

www.burmeseclassic.com

ဤပုသိမ်မြို့သည်။မြတ်စွာဘုရားပွင့်တော်မမူမီကပင်၊အတိသဥ္စာနဂရမြို့ဟူ၍ တွင်လျက် ရှိ၏။ မြတ် စွာ ဘုရား ပွင့်တော်မူသောအခါ။တိရက်လက္ခုန်းဟူ၍ခေါ်ဝေါ်ကြ၏။ ထို့နောက်ကုသိမ်ဟူ၍တွင်ပြန်၏၊ မြတ်စွာ ဘုရား ပရိနိဗ္ဗာန်စံတော်မူပြီးသည့်နောက်။သာသနာတော်သက္ကရာဇ်၁၂ဂ၄ခုတွင်။ဂုဏ္ဏသာရညီနောင်တို့ လက်ထက်ကစ၍။ ကုသိမရဋ္ဌတိုင်း။ပုသိမ်မြို့ဟုတွင်ကြောင်းကို။ စာ ဟောင်းတို့၌ တွေ့ရှိဘူးပါသည်။ ။ဂုဏ္ဏသာရညီနောင် နှစ်ဦး တို့၏သား။ သမုဒ္ဒမင်း။ ဤသမုဒ္ဒမင်း၏သား။ သမုဒ္ဒ ဂေါသမင်းနှင့်၊ ဥမ္မာဒန္တီမိဖုရားတို့လက်ထက်တွင်။ လက်ာဒိ ပက္ကျွန်းမှ။ သုဝဏ္ဏဘုမ္မိသထုံပြည်သို့သနာတော်ရောက်သည်ဖြစ်၍၊သောဏထေရ်၊ဥတ္တရထေရ်အကြီးအမှူး၊ရဟန္တာ ရှစ်ကျိပ်တို့သည်၊ ကုသိမရဋ္ဌတိုင်းပုသိမ်မြို့သို့ ရောက်၍။ ဒက္ခိဏာ သာ ခါလေး ဆူနှင့်တကွ။ မွေတော်ပေါင်းရှစ်ရာငါးဆယ် ခြောက်ဆူ။ဆံတော်ပေါင်းတရာနှစ်ဆယ်ရှစ်ဆူတို့ကို။သမုဒ္ဒဂေါသမင်းအားအပ်လေလျှင်၊သုဝဏ္ဏစကော်ဒကအမည်ရှိသောရွှေပန်းတောင်းဖြင့်။ကော်င်းမွန်ရှိသေစွာခံ တော်မူပြီး လျှင်။ စေတီတော်တည်ရာဌာနကိုရွေး ချယ်ပြန် သည်ရှိ သော်။ မြတ် စွာ ဘုရား၏အလောင်း တော်သည်။ သုကရိန္ဒဝက် မင်း အစစ်ဖြစ်တော်မူသောအခါ။ ပျော်စံတော်မူ ဘူးသော သုကရိန္ဒထလကအမည်ရှိသောတောင်ကုံးကို။ ရဟန္တာ အရှင် မြတ် တို့မိန့်ကြားတော်မူသောကြောင့်။ ထိုတောင်ကိုရှာဖွေသောအခါ၊ ဤတောင်ကုံး၌။ သိရိဓမ္မာသောကမင်းတည်ထားတော်မူခဲ့သော။ထူပါရုံစေတီတော်မြတ်သည်။ ပျက်စီးယို ရွှင်းလျက်နေသည်ကို။ တွေ့ရှိရာ။ဤစေတီကိုပင်။ ကောင်း မွန်းစွာပြင်ဆင်၍ဆံတော်မွေတော်များကို ဌာပနာအံ့ဟု။ ပထမစေတီလုံးပတ်သုံးတောင်၏အတွင်းသို့။ နဝရတ်ကိုးပါးအတိပြီးသောမဏိဇောတရတ်ကျုပ်တို့နှင့်။ဆံ တော်မွေတော်မြတ်

www.burmeseclassic.com

www.burmeseclassic.com

တို့ကိုသွင်းဆောင်ဌာပနာပြီးလျှင်။ ပတ္တမြားအရုတ်။ရွှေအရုတ်။ မိုးစဲကျိုးအရုတ်။ငွေအရုတ်တို့ဖြင့်မွမ်းမံစီချယ်ပြီးလျှင်။၎င်းထူပါရုံကိုပင်အမည်ပြောင်းလွဲ၍။ရွှေမုဋ္ဌော စေတီ တော်ဟူ၍။ ရွှေဘွဲ့တံဆိပ်။ခပ်နှိပ်တော်မူသည်။ ဘုရား၏အရံ အတားလှူတော်မူခဲ့သည်ကား။ပေါင်းထိုးလူပေါင်း ၅၈ ကျိပ်။ တပျက်လှည်းလူပေါင်း၅၈ကျိပ်၊ ညောင်ရေသွန်းလူပေါင်း၅၈ကျိပ်၊ ဆီမီးထွန်းလူပေါင်း ၅၈ကျိပ်။ အစုစုလူပေါင်း ၃၂၀ တို့ကိုလည်း။ရွှေကရားနှင့်ရေစက်သွန်းချ၍လှူတော်မူခဲ့သည်။

၎င်းသမိုးအထွက်၌။မွေတော် ၇၅၉ ဆူ။ ဆံတော် ၁၂၈ ဆူတို့သည်။ရွှေမုဋ္ဌောစေတီတော်၌။ တခါတည်းစုရုံး၍ ဌာပနာတော်မူသည်မဟုတ်။ ၃၂ မြို့၌ပင်။ စေတီအသီးအသီးတည်တော်မူ၍။ဌာပနာတော်မူလေသည်။

ပုသိမ်မြို့တည်။သမုဒ္ဒဂေါ သမင်းနန်းစံ၍။ ဥမ္မာဒန္တီမိဖုရား။ရွှေမုဋ္ဌောဘုရားရင်ပြင်တော်သို့ဥပုသ်စောင့်သွားသည်ကို၊ဝန်တို့အါးမေးရန်။ ။မနုရသေ့၊ပြုသရွှေကို၊ရှုလေ့အရှိ။ မနောအတည်။သဘောကြည်လဲ့။ ပြည်မျက်စိတို့။ ။ရဝိတန္တွံး။အတိဖုံး။ကျွန်းလုံးမှိုမှို။ အခြေမခိုန်။ သရေရှိန်တဲ့။ရွှေသိန်မြို့တွင်။လူတို့အမှူး၊ ခွဲခြမ်းထွင်၍။ စီရင်ပြု၊ သမုတိနတ်ငါဖြစ်သည်။ဖြစ်သည့်လျော်စွာ။ တိုင်းအောင်ချာတွင်။ များစွာလူစု။အကျိုးရှု၍၊ ဂရုက မိတ်၊ မဘွယ် သရမ်း။ အန္တယ်ကြမ်းတို့ကို။ အပါယ်လမ်း ပိတ်စေဘို့။ဖိတ်ဖိတ်ရောင်ညီး။ တိုးပွါးတထိ၊ မိုးစဲဖျားသိတဲ့။ စေတီ ကြီးကို။ အပြီးတည်တော်မူလိုက်သည်။ တည်ပြီး သည့် နောက်။ ဝေ မှောင်အရှင်း၊နေရောင်လင်းသို့၊ဝင်းဝင်းတောက်၍၊ ဆက်ကောက်မလပ်၊အမည်မှတ်လျက်။ ဆွမ်းတော်ကပ်လူပေါင်း၅၈ကျိပ်၊ ထို့နောက်ညောင်ရေသွန်းလူပေါင်း၅၈ကျိပ်။ ထို့နောက်ဆီမီးထွန်းလူပေါင်း၅၈ကျိပ်၊ တပျက်လှည်းလူပေါင်း၅၈ကျိပ်။ အစုစုပေါင်း။သင်္ချာဖြင့်ထောင်းလိုက်သော်၊လူပေါင်းသုံးရာ

www.burmeseclassic.com

www.burmeseclassic.com

ရှစ်ကျိပ်။မြတ်ရွှေမုဋ္ဌော။ရှင်တော်ဇောကို။မနော၀ိတ်လျက်၊စိတ်စေတနာ။ကြည်လင်စွာနှင့်။လှူဒါပင့်ထောက်၊ပြီး သည့်နောက်ကို။ မြဲသွားကာကြသွယ်။ ဆောင် ကြီး မယ်သည်၊ရှယ်နိဗ္ဗာန်။တွေရာမမျှော်။ခေမာကိုပျော်မည်ဟု။စေနာတော်သပြီးလျှင်။အနှုဂ်ဥပုသ်ကို။ သိမ်းချုပ်တော် မူ မယ်တို့။ မှန်နန်းရရွှေ တည်တိုက်နှင့်၊ဒေဝီမယ်မမထွက်တော်မူသွား။ချနှစ်ရက်မလည်သေးဘူးလားမင်းကြီးများ။

နောက်ဝန်ကသံတော်ဦး တင် မည် အပြု တွင်။ ခပ်ပျက်ပျက်ပြောလိုက်။ ။ကြားကြလားဗျနန်း မဝန်မင်းတို့။ ဒေဝီမယ်မမထွက်တော်မူသွားတာချနှစ်ရက်မစေ့သေးဘူးလားကိုး။စပြီးပြောစကတော့ဖြင့်။ ဘုရားတွေ တရားတွေနှင့်။ အဆုံးသပ်ကိုကျတော့မှ။ ဘယ်က မောင်ရွှေကို တို့ပေါ် လာမဆိုနိုင်ဘူး။ချနှစ်ရက်မလည်သေးလါးဘူးတဲ့။အသာမျိုးဘဲဗျခက်ထာ။ ။သို့ရာတွင် သံ တော် ဦး တင် လိုက် ရ ဒုံးမှာဘဲ။ ။တိုင်းကုသိမ။ သိန်နဂရတွင်။ ဇာနည္ တ နွံး။ ရွှေလက်ရှန်းနှင့်။စက်ဘုန်းတော်ကြွ။ရာထီးရှင်ခရ၊ ဒိုပလေးကျွန်းပိုင်ဘုရား။ ။လက်ျာဒေဝီ။ မဟေသီသည်။ စေတီမဟာ။ မြေညီစွာသို့။ ကောသီညှာပုံ။ခဝပ်လှုံ၍။ရှစ်ရုံအနှု။မြတ်သီလကို။ဥသသဟဟုတ်။စောင့်ထိမ်းချုပ်လျက်၊ကြိုးကုတ်ပျော်မွေ့။ဝိပဿနာ။သိမှတ်ရာတို့နှင့်။ ခါခါလေ့၊ ယနေ့ချ နှစ်ရက်လည်ပါပေါ် ရွှေနန်းရှင်ဘုရား။

သမုဒ္ဒဂေါသမင်းဆို။ ။သင့်မြတ်တော်မူလှပေါ့။နာရီတော်အခါနှစ်လို့မို့။စိန်ဆစ်တဲ့ကမ္ဗုရိပ်တွင်၊ တမျှော်မြတ်တော်မူဒုံးမည်။ကြေး။ကြိုး။ သရေ။လေ။ လကဲချတ်ဟူ။ အကျဉ်းယူ။ ဒူရိယာငါးပါး။ ညွှင်း ညွှင်း ဆော်၍၊ အသံတော်ကြားလိမ့်မည်။စကားပွင့်ကတိုးထုံတဲ့။ ရွှေ ညဥ့်ရုံပန်းထည်သွာကို။အသာလွှမ်းကြပေတော့မင်းကြီးများ။

တခန်းရပ်။

www.burmeseclassic.com

ရွှေမုဋ္ဌောဘုရားရင်ပြင်တော်မှာ။အပျိုတော်နှင်းစိန်နှင့်အိမ်တော်ဝန်မင်းရာဇသိဒ္ဓိတို့။ဥမ္မာဒန္တီမိဖုရားကြီးအပါးတော်ကထကြစေ၊ ။ရာဇသိဒ္ဓိအမတ်ကြီးဆို၊ ။ကေသီမိတ်ရုံး။ပူပုံထုံးနှင့်၊မျက်ခုံးမှင်သ။ဆင်တိုင်းလှ။ရာဇအရှိန်၊အထိုက်မရှင်း။အကြိုက်ကိုသွင်းတတ်တဲ့။ အိုပဲ့မိနှင်းစိန်။ ။အပျိုတော်နှင်းစိန်ဆို။ ။မင်းဘုရားခေါ်တော်မူမှဖြင့်။ဘယ်သူနှင့်မှမတူဘူး၊တဆိတ်ဖြင့်အညွန့်ကလေးတက်လိုက်ရမှ၊အပါးတော်မှာခစားနေတော်ရှိပါရဲ့မင်းဘုရားရဲ့၊ ။ရာဇသိဒ္ဓိအမတ်ကြီးဆို၊ ။ဪဪ။အဘောကအရွယ်ကြီးလို့မျက်စိသိတာနှင့်။တပိုတပါးများသွားနေသလားလို့ဟယ်။ငသွီးအမှုတော်ထန်းလျှောက်ပတ်ပါပေ့။ ။သည့်နှယ်ပဲ့သွီးရယ်။ဥမ္မာဒန္တီထိပ်ထားကြီးသည်၊ဘုရင်မင်းမြတ်ထံတွင်၊ခုနှစ်ရက်ခွင့်ပန်၍ရွှေမုဋ္ဌောရင်ပြင်တော်မြတ်ဝယ်၊ ရှစ်ပါးသောဥပုသ်ကိုစောင့်ထိမ်းတော်မူတယ်။ ထိပ်ထားကြီးကလဲအရွယ်တော်သိသိရင့်တာကြောင့်။မဂ်လမ်းဖိုလ်လမ်းကိုအာရုံခံပြီးလျှင်။အတွင်းတော်သို့ပြန်ရမှာအလွန်ငြီးငွေ့တော်မူနေတယ်။ သည်ပယနေ့လဲရက်သတ္တလည်ခဲ့ပြီ။ အမိန့်တော်ဘယ်ပုံကျမယ်လို့ဆိုတာ။နာခံကြအုံးစို့ရဲ့သွီးရယ်။

ဥမ္မာဒန္တီမိဖုရားသည်။မယ်တော်ဆင်အဖြူချိတ်ကိုဝတ်လျက်။ငှက်ပြောအူအဆင်း သဏ္ဍာန်နှင့်တူသောတဖက်ဖြူကိုလွှမ်းခြုံပြီးလျှင်။ ပရင်းဝါလက်စွဲ၍။ မိမိကိုယ်ကိုဝိပဿနာတင်ရာမှထလျက်။နိဗ္ဗာန်အဘွဲ့နှင့်၊သံဖြတ်ဘောလယ်ကိုသဘင်ထုံးစံနှင့်ညီအောင်ကောက်၍ဆိုစေ။ ။ကိုယ်ခန္ဓာနော်တော်အိုမဟာဘုတ်ကို ဖြင့်။ စက်ဆုတ် ပါလို့ ရွန်ဖွာပြီလေး၊ စက်ဆုတ်ပါလို့ဟောရွန်ဖွာပြီ။ စံခမ်းလေး စံခမ်းနှောနိ။အိုဆောင်ကြာရိပ်ကိုလေး။တွေးစိတ်ကစိတ်ကညို၊ အနိစ္စ အနိစ္စ ဘုရားဘုရား။ ။အပါး တော်ကဘယ်သူများရှိကြပါလိမ့်မတုန်း

www.burmeseclassic.com

www.burmeseclassic.com

အပျိုတော်နှင်းမိန်တင်။ ။မှန်လှပါဘုရာ့ကျွန်မအပါး တော်ကခစားရက်ပါဘုရား၊ ဘွဲ့ပြုဆေး လိပ်တော်များအာ ရုံပြေသုံးတော်မူပါအုံးတော့လားထိပ်ထားရယ်။

ဥမ္မာဒန္တီမိဖုရားဆို။ ။တရားဆိုတာသည်လိုရှိပါ တယ်မရွှေမိန်။သတ္တုန္ဒြီတဲ့၊သံလေခတဲ့။ သံဝရတဲ့။ရောင့် ရဲခြင်း သုံးပါး ရှိခဲ့တယ်။ အာရုံ အလိုသို့ လိုက်စား ပလား ဆို။ဝိပဿနာလစ်ဟင်းခြင်း ၏အကြောင်း။ မကောင်းသော အရာကိုကြံမိရော၊ ဝိပဿနာ၏ အန္တရာယ်ကို ပြုတတ် သော ကာမဂုဏ်ငါးပါးတို့ကို။ဆည်းတါးပိတ်ပင်ရမတဲ့။ကေသာ အစ။ မတ္တလုဂ်အဆုံး ရှိ သောဒွတ္တိံ သ ကာ ယ အရကို၊တ ဖြေးဖြေးဆင်ခြင်တွေး ရှုလို့။ ဂရုတရား၊ နှလုံး မှာထား ပြီး လျှင်၊ကြီးပွါးသေါက်လေကို။တိမ္ဗျတစတစဖြတ်ရမတဲ့၊ ပုတီးများကိုသာကြိုးစား လိုမိပ်ပါမရွှေမိန်။ညီးတို့ငယ်တဲ့ ကိုယ်မဟုတ်ဘူးအေရဲ့။

အပျိုတော်နှင်းမိန်ဆို။ ။ထိပ်ထားသခင်မ။သတိ တော်များမရရော့ထင့်၊ယနေ့ခွန်နှစ်ရက်စေ့ခဲ့ပြီ၊ ရွှေနန်းမ ကြာသပတ်သို့၊ပြန်တော်မူရန်အရေးများကို။တဆိတ်ကလေး မှအမှတ်ထားတော်မမူဘဲကိုဘုရား။

ဥမ္မာဒန္တီမိဖုရားဆို။ ။ဩြော်ဟုတ်ပါပေရဲ့ကလား။ မောင်မောင့်ထံ ကခွင့် ပန်တော်မူလာတာ။ရက်သတ္တလည် ရုံခွင့်ပေးတော်မူလိုက်တယ်။ ရွှေနန်း မကြာသပတ်ကို။ပြန်ရ မဲ့အရေးများ။ကြံတွေး လို့ကြောက်ပါဘိတော့နော်။သို့ရာဇ သိဒ္ဓိဘောကြီ့ကော။မမြင်ပါကလား။

ရာဇသိဒ္ဓိ အမတ်ကြီးဆို။ ။မှန်လှပါအပါးတော်တွင် ဘဲခစားရက်ရှိပါဘုရား၊ တရားနှင့်မွေ့လျော်လို့၊ အိပ်ပျော် နေတာကြောင့်၊ထိပ်ထားမေးတော်မူမှသတိရပါဘုရား။

ဥမ္မာဒန္တီမိဖုရားဆို။ ။ကောင်းပါပေ့တော်သိလသိ တင်းကိုမလစ်ဟင်းရအောင်ကြိုး စားအားထုတ်မလားမှတ်

www.burmeseclassic.com

www.burmeseclassic.com

ပါ။အိပ်လို့ခြဉ်းနေတာကိုးရှင့်၊ရွှေနန်းမကြာသဟံသို့။သဉ္ဇယနေ့ပြန်ရတော့မယ်။ မှန်နန်း ပျော်ထား ထား တို့ခင်လေး သန့်ခင်လေးပွင့် တို့ကိုရရှုံး၍၊ အဘောကြီးပြန်နှင့်ပေတော့။ ဘုရားများ ရှိခိုး ပြီး မှကျွန်မဝင် တော် မူခဲ့ မယ်။

ရာဇသိဒ္ဓိအမတ်ကြီးသည်၊မှန်နန်းအပျိုတော်တို့ကိုခေါ်ငင်ရရှုံးပြီးလျှင်။ အတွင်း ကျောင်း ကတိတ် တ ဆိတ် ပြန်သွားစေ။

ဥမ္မာဒန္တီဒ္ဓိဖုရားသဖြန်ဆို။ ။မြေညီမှာကေဘိသပါလို့။စေတီကိုဒေဝိမငယ်က။ဈေသိသပတ္တနာ။ပုံမညှိုးအောင်ပ။ဂုဏ်ကိုးကိုအာရုံခံလို့ ။ကြာဒမ္မ ံ မုံရွှေလက်ကယ်နှင့်။ဝန္တဏှာလွတ်ချွါတွက်ရအောင်။ ဇောသက်လိုက်ထာ။ စိတ်သံလျှင်နိဗ္ဗာန်နှင့်နီး တန်ငဲ့။ ဘိက္ခမံဟိတ်ညာဏ်မှိုး ပါလို့။ ပုတီးငယ်တဲ့ လက်မကွာ၊မင်္ဂထာကကမ္မဋ္ဌါန်း။ထုံတာငယ်သန်။ ပုထုဇင်ဂုဏ် ပါပံမှို။ ဥမ္မာ ဒန်ရှုယ် ရှုစေ တာက။ ဥက္ကာမ္မေမှုတ်ရွှေမုဋ္ဌောမှာဖြင့်။ သုတ်အခြေ ဗုဒ္ဓေပဟာသည့်နှယ်။တဒင်္ဂ ံ၊ဝင်ညာဏ်လောက်နှောရတယ်ရှင်။ပြောကာသပန်းတဲ့မှ။သူတော်ကောင်းတို့ရေ။ဇေဇညာကလန်း။ ။ရှေးအဖြစ်အနှစ်တွေကို။ တွေး ဆဆင်ချင်လိုက်ပလား ဆို။

ယခုရွှေမုဋ္ဌောစေတီတော်မြတ်တည်သေါကုန်းတော်သည်၊မြတ်စွာဘုရားအလောင်း တော်ဝက်မင်းဖြစ်စည်အခါက။ ပျော်ပါးမြူးရွှင်တော်မူဘူးသေါ။ကုန်းထူးကုံးမြတ်ဖြစ်သေါကြောင့်။ ဥတ္တရမထေရ်။ သောဏမ ထေရ်ရ ဟန္တာအရှင်မြတ်တို့သည်၊မွေတော်ဆံတော်သွားတော်တို့ကိုမဇ္ဈိမဒေသမှ။ပင့်ဆောင်တော်မူခဲ့၍ ဌာပနာသွင်းနှံတော်မူတယ်၊ စေတနာကောင်းကောင်းနှင့်။ ဂုဏ်တော်ကိုးပါးကိုအောင်းမေ့ဆင်ချင်ပြီးလျှင်၊ထိခြင်းငါးဖြာနှင့်ညီစွါ၊ရှိခိုးပူဇော်ဘူးပြောကတော့ခဲ့ကြဒရုံးပို့။ ။အစိန္တေယျအစိန္တေယျ။ကျေးဇူးတော်အပုံ။ဂုဏ်တော်အပေါင်းနှင့်ပြည့်စုံတော်မူသောမြတ်

www.burmeseclassic.com

www.burmeseclassic.com

စွာဘုရား။နီလ။ပိတ။ လောဟိတ။ဩဒါတ။ မဉ္ဇိဋ္ဌ။ ပဘာသရတည်း ဟူသော၊ ပကတိရောင်ခြည် တော်ဖသွယ်။အံ့ဘွယ်ဖြာဖြာ။ ရာထောင်မက။ တေဇဏ္ဍုဋ္ဌ၊ သိရီ တက်ပြိုး၊ တန်ခိုးအားဖြင့် ဖြစ်သော ရောင် ခြည် တော် တို့မှာ၊ ထုတ်ဖော်၍မကုန်နိုင်သော။ရောင်ခြည်တော်အစုံနှင့်ပြည့်စုံတော်မူသေါမြတ်စွါဘုရား၊သေဌဇေဋ္ဌဒေဝဒေဝိန်၊လောကိန္ဒါဓိပတိ။မုနိပုင်္ဂဝ၊ဓမ္မိဿရ။ဓမ္မသာမိ ဖြစ်တော်မူသောမြတ်စွာဘုရား။တပည့်တော်မသည်၊ ကာ ယပဏာမ။ ဝစီပဏာမ။ မနောပဏာမတည်းဟူသော။ကိုယ်နှုတ်နှလုံးသုံးပါးတို့ဖြင့်ညွတ်လျက်။ရှိသေလေးမြတ်စွါရှိခိုးပူဇော်၊ဘူးမြော်ကံတော့ပါ၏ဘုရား။ဤသို့ဝပ်လျှိုး။ ရှိခိုးပူဇော်။ ဘူးမြော် ကံတော့ရသောအကြောင်းကြောင့်။ဓာတိဇရာဗျာဒိမရဏ။ ကင်းဝေးပသော။အသ ခ်တဓမ္မ၊နိဗ္ဗာန်သို့ရောက်ရာရောက်ကြောင်းအရိယာသူတော်ကောင်းတို့၏တရားကို။ မျှားစွာအားထုတ်ပြီးလျှင်။အဆုံးဘဝ။ ပစ္ဆိမဌ္ဌ။ ဘယဝေးကွာ၊ မမျှေး လာသော၊ခေမာ အမတ။ နိဗ္ဗာနသို့၊ စံရသည် ကို၊ ဖြစ်ပါလို၏ဘုရား။ ။အဆုံးဌ္ဌကြေးစည်ကျောက်စည့်ခေါင်းလောင်းသံတို့ဖြင့်။တီးနှက်လိုက်စေ။

အ၍ိုတော်နှင်းစိန်ဆို။ ။တယ်ကြည်ကွဲစရာကောင်းပါပေ့ထိပ်ထား။ ကြေး စည် သံ ကျောက် စည် သံ ခေါင်းလောင်းသံများ ကိုကြား ရတော့၊ သုံး လုထွန့်ထား။သဗ္ဗညုမြတ် စွာဘု ရား ဂုဏ် တော် တွေကို။မနော ပိတ္တုပွါတ်ပြေးပြေးပြီး၊ညွတ်ပါကလားသခင်မရယ်။

ဥမ္မာဒန္တီမိဖုရားဆို။ ။လူဆိုတာတယ် ခက်ထာကလားမရွေစိန်၊ ဥပမာပုံစံထားလျှင်။ ပပျား ပင်နှင့် တယ်တူတယ်။သူယုတ်နှင့်နီးပါး လျှင်အ ကုသိုလ် စိတ် အဖြစ် များတယ်။သူတော် ကောင်း နှင့်နီးပါး လျှင် ကုသိုလ်စိတ်အဖြစ်များတယ်။ ပပျားပင်များလဲ။ တောင် ဘက် လေ အား ကြီးမှ

www.burmeseclassic.com

www.burmeseclassic.com

ဖြင့်မြေခံဘက်ကိုယိမ်းရော။ မြောက်ဘက်ကလေအားကြီးမှဖြင့်တောင်ဘက်ကိုယိမ်းရပြန်ရော၊ လူဆိုတာများ ရာကိုအပါအားကြီးကြတယ်။သို့မို့ကြောင့်။ သဗ္ဗိယေဝ သမာသေထ။သဗ္ဗိကုဗ္ဗေထ သန္ထဝံ ဟူ၍၊ မ ဟာ သုတ သော မ ဇာတ်တော်၌။ဟော ဖေါ်တော်မူထားခဲ့တယ်၊ သတိ သမ္ပဇဉ်ကိုလဲမလစ်စေနှင့်။ သို့ရာတွင်ဆောင်ကြာ ကြွနန်းခွင်သို့၊ မြန်းဝင်တော်မူကြစို့။စေတနာသဒ္ဓါ တရားအားကြီး လွန်းထိုသာသုဘာသိတနှင့် စပ်သော စကား ကို ပြော ဆိုနှီး နှောလိုက်တယ်။ ရှုဘတ်သော သူများ ကဖြင့်။ သည် နေရာ သည်အကွက်ကို။တယ်ထို့နှစ်သက်နှိုင်ခဲတယ်။ သဒ္ဓါတလွဲ၊ တဈွာတလွဲဆိုသလို၊ နေရာနေရာနှင့်သင့်တင့်အောင်ပြုရတာဘဲ။ကဲသူရိယာအချိန်ရင့်ရော့မယ်။ နန်းမြင့်သို့ဟှမ်း တော်မူကြစို့။

ပတ်ပျိုးသောင်းရွှေလယ်အလိုက်။ ။ခြောက်ရောင်လွှင်၊ကွန့်ဖုံး။ကုံးမြခွင်။စေတီထူးကိုဟှ။ဦးညွှတ်ဆင်။ ပြည်တော်ခွင်သို့သာဝင်မည့်ရေး၊ ။ဘေးတန် တန်၊ ရန်များ။ပါးပါစေ၊ဝတ်တော်မှုန်းပါလို့၊ သွန်းညောင်ရေ၊ ပန်းသပြေကသာ။ဝေထို့ဖြိုး။ကေသိဉ္စာပုံထို့သာ၊စုံတော်လက်မိုး။

သုံးထပ်နဘေး ။လှုံခါကေသီ။ ငုံကြာဝေစီ။ဥမ္မာဒေဒိနတ်ကယ်က။ထုံတိပြောပြန်ခါ၊ဗုဒ္ဓေါ်စံရာ။ မဥ္ဇောဆံကြာမြတ်ကိုဖြင့်။ဇောလေကပ်ပါလို့၊ တုပ်ဝပ်အညွှလီ။ မှင်ပိုတုံးကေမျိုလေး တယ်မှ၊ခင် တဘုန်း မေကြည်အေးဘွယ်ပ။ဖူးလေလေ။ဖူးလေလေ၊ ဖူးလေ လေး လာ ခဲ့ပြီ၊ မေတ္တာကြိမ်ကြိမ်ထပ်ပါတဲ့၊ မြတ်သာကီမြတ်သာကီ။ ရာကျော် သက်ပန်မြဲစေဘို့။စွဲကြီရည်စွဲကြီရည်။ သက်တန် အ ရှည် နော် တော်မဖည်စေရ။ ဆက် မှန် အညီ နော်ရှင် ကတိ ဇွေ ကြွ၊ သာကီဘေမောင်ဖှ ကို ဖြင့်။ သေ မှ ရှောင် မယ်၊ ကြာ ခြည် ကျွဲညောင်မြမှာဖြင့်။နေလရောင်နှယ်။သစ္စာသွယ်မချို။ မေတ္တာ

( ၂ )

www.burmeseclassic.com

မပျယ်ဘို့။ချစ်သွာချယ်လို့။ နဘောဂဟောစပ်သလို။ ညာနတ်ကနေ့ဘ်ရှင်နတ်ကနေ့ဘ်ရှင်ကျင် စိတ်ပါ။ ။ခရာဆက်၍ကောက်။ ။စက္ကဝါ၊လက်ျာတမြေ။ ဆက်ခါ မသွေ။ ဒိပေလေတောင်ကျွန်း၊မြောဘ်ကွန်းတော်တွင်ရစ်အောင်။ သက်တညွှာ။ညက်ပြာတမေ။ကွက်ခါမသွေ၊ပြည်ရွှေလေလေအောင်ကွန်း၊ဖြန့်ရွှန်းခါမှရှောင်၊ ။စကားညှပ်။ ။အို အေ့ မရွှေမိန့်။ ။တို့မိန်းမချင်းပြောပရ စေတော့။ ရွှေ မှဿော စေတီတော်မြတ်၏ဒါယကာမရယ်ထို့။ ဇမ္ဗူဒိပါ လက်ျာ တောင်ကျွန်းမှာ။အလွန်ပင်ကျော်စောကီတ္တိရှိခဲ့တယ်။ သည်တော့။ ချနှစ်ရက်တခေါက်။ရှစ်ရက်တခေါက်။ စေတီ တော် မြတ်သို့ရောက်မှဖြင့်။ရတနာသုံးပါးကိုကြည် ညို နေတဲ့ အထဲကဘဲ။မောင်မောင် သခင်ကျေးဇူး ရှင်၏ ရွှေမျက် နှာတော်ကိုမြင်မြင်လာရော့။မြင်မှဖြင့်၊ ဖြော်အခ ကျင် လင် နှင့်မယားဆိုတာ။သံသရာဘဝအဆက်ဆက်က၊ ကုသိုလ် ကောင်းမှုတို့ကိုအတူတကွပြုဘူး ကြလို့ သာ။ အကျင်လင် နှင့်မယားရယ်လို့ဖြစ်ကြရတယ်။သည်လူနှင့် ဖြင့်။ တသက်ပန်ပေါင်းရပါစေ။ငအေပျင်လွှဲလို့။တချါးကမိန်းမများကိုလဲ၊သိမ်းပိုက်တော်မမူပါစေနှင့်။အရင်ကထက် တိုးလို့။ ဆတံပိုး ချစ်ပါစေဆိုတဲ့စိတ်တွေနှင့်၊ ဆုတောင်းရတာခဏ ခဏ၊ လင်ဆိုတာမျိုးဟာတယ်အစွဲအမြဲကြီးပါ ကလား။ ဘုရား ရှိခိုးရင်းတောင်မဖြောင့်နိုင်ဘူး။

အပျိုတော်နှင်းစိန့်ဆို။ ။စိတ်ချလက်ချ သာနေ တော်မူပါထိပ်ထားရယ်။အရှုယ်တော်လဲကြီးကြမင့်။ သ ခင်မကိုဖြင့်လွှဲဘယ်တော်မူမထင်ပါ ဘူး။ စိုးရိမ် ကြောင့် ကြတတ်လို့သာသခင်မစိုးရိမ်တာကလားဘုရှင့်။

ဥမ္မာဒန္တီမိဖုရားခရာပြန်ကောက်။ ။စက္ကဝါ။ လက်ျာတမြေ။ဆက်ခါမသွေ၊ဒိပေလေလေတောင်ကျွန်း။မြောဘ်ကွန်းတော်တွင်ရစ်အောင်။သက်တညွှာ။ညက်ပြာတမေ။ကွက်ခါ

www.burmeseclassic.com

www.burmeseclassic.com

မသွေ။ပြည်ရွှေလေလေအောင်ကွန်း။ ဖြန့်ရွှန်းခါမှရှောင်။ပတိုနှောင်အခါ။ညှိမှောင်မဘွာ။ကျင်ရာအရွယ်သစ်ကို။တိုးလေလေချစ်လို့။ပျော်ပါးမည်ခြင်းကြောင့်လေ။နတ်လျှာ၊ထပ်ခါ၊မြတ်စွာရွှေမုဋ္ဌေါမှာ။ဩလေးလေးကါသ။ဆုတောင်းပနာခြွေ။ ။တောင်ဆာင်းဖြတ်၍ကောက်။ ။သက်သေသက်သေတင်လို့။အိုလေးမွှက် စေချင်။ သခင်သွေဗိ မုန်း။ ဘု ရင် စေတီထုံး။ပျက်ပျုံး စေတော့။ စဦး ကြိမ် သစ္စာ။ မလေး ခင်ကမေ့လေးမေ့လို့သာပ။ကာလ။ကြာကြာ။မေ့လေးမေ့လို့သာ။ ။ဗုံကြီးသံ ထပ်တွန့် ကောက်။ ။ပရစ် ညှာ ကိုနော်တော်လှစ်ခါစရယ်က။မိန္တေမှာကျိန်ရေမသမိလို့။လိမ်သွေခွမည်ကိုတဲ့။မျိုးလှညာ။ရိုးရပါ။ ။စကား။ ။အိုအေ့မရွှေမိန် ။ဘမရာသနဘွေသဖန်းမှာ။ ရေဖြန်း တော်ခံစက တော့။ အမှတ်တမဲ့နှင့်ထုံးစံရှိတဲ့အတိုင်း။ ကျိန်ရေတဲ့သစ္စာတဲ့ဆိုတာမေ့နေတာကြောင့်။ယခုမှသူငယ်ပြန်ပြီးတော့။ရိုးရိမ်ကြောံရွှန့်နေ ပြန် ပေါ့။ရွှေ မု ဋ္ဌော စေ တီ တော် မြတ် ၏ ဒါ ယကာမဆိုပြီး။ ခု ကာ လတွင် ပေါ် တဲ့ မင်းသွီး မင်း သားကလေးများလို။ သံ လိမ် သံတွန့်တွေ ကို ဆို လို့။ တယ် စိတ်နုတဲ့ဘုရား အမပါ ကလားလို့။ ကဲ့ရဲ့ပြစ် တင်ကြ ရင်လဲခံရတော့မယ်။ ဒါနုခန်းသီလခန်း ကလေးနှင့် ယည်ယည်ကျေးကျေးသွားပြီဆိုမှဖြင့်။ ဘတ်ရှုသူများပြင်းရိမည်ကိုမြင်တာကြောင့်။အကွက်အလမ်းဖေါ်လို့မို့သွားရပါတယ်။ ပြောသာပြော။ ဆိုသာဆိုလိုက်ရတယ်။ ရှေးအခါကာလ များကလို။ တယ်လို့နှစ်နှစ်ချိုက်ချိုက်ကြီးမရှိလှပါဘူး။ ရွှေသိမ်မြို့နဂရ။ အသည်ကြီးဒေသက။စာဒရုပ်ကုန်သည်ကိုလူကလေးတိုက်တွန်းနှိုးဆော်တာနှင့်။ တတ်တဲ့ပညာမ နေ့သာခြင်းကြောင့်သာ။ဘွဲ့ဆိုဘိကုံးလိုက်ရတယ်၊သမ္ဗုဒ္ဓလာပစကားကို။နေ့သားနောက်မြေးတို့ တက ာသိမှတ် မှာများ။ အချုံကြီး ရိုးရိမ်လိုက်ပါရှဲ၊ ရိုးရိမ်ပင်ရိုးရိမ်ပြွားသော်လည်း။ ဘယ်အမှုလိုမ

www.burmeseclassic.com

ဆို။ပြုပြီးဆိုမှဖြင့်။တူအောင်ပြုမှလဲကောင်းတယ်၊ ရုပ်နံ့ခန္ဓာ
နှင့်မကင်းသမျှကာလပတ်လုံးကိုဖြင့်။ အပဟာရပရိယေသန
ကိစ္စကြောင့်။အကုသိုလ်များလိုက်ပါဘိတော့မရှေ့စိန်ရယ်၊
အပျိုတော်နှင်းစိန်ကထောက်။ ။ယခုလိုအဖြစ်နှင့်ဖြင့်။
အကောင်းကြီး ကိုတောင့်တလို့။ဘယ်မှာရနိုင် မတုံးထိပ်
ထားရယ်၊အရင်းမှာတော့၊ဘယ်အမှုမျိုးကိုပြုပြု။ အမှားအ
မှန်ကို။ ဝေဘန်ခွဲခြမ်း၍ သိတတ်သောသူသည်။ တာရှည်မ
မှားနိုင်ဘူးထိပ်ထားရဲ့၊ရွှေအားတော်မငယ်ပါနှင့်။
ဥမ္မာဒန္တီ ဒိဗရုးဖုံကြီးထပ်တွန့်ပြန်၍ကောက်။ ။ပရစ်
ညှာကိုနေ်တော်ဖှစ်ခါစရယ်က။ စိန္တေမှာကျိန်ရေမသိ
ထို့။လိပ်သွေ့ခွမည်ကိုတဲ့မျိုးဟုညာ။ ဗိုးရတာ။ဖွန်းချစ်ခံဆို
တဲ့အုံးလိုပ။ ရွယ်နှပျိုတဆဲ့သုံးတို့နှင့်။ ခင်လေးတို့မောင်ရွှေ
ရောင်ထုံးမှာ၊ပျုံးစိစိ။ဗေါ်လီကိုခွါ။ ပျော်မည်ကိုသာ။ ခါခါ
သည်မယ် တွေးတယ်။ ဆွေးပူရပါ၊ ရှေးကလို မဟုတ်တဲ့
သည်ရုပ်ဝါ၊ သနပ်ခါးချွေးတွေကို အောင်းထို့မှ၊ မကောင်း
ရှာ။ သူတပါးနှင့်ပျော်စက်မှေးမှာကိုလဲတဆိတ်ကလေးမှမ
သထာ။ဆဲ့သုံးနှစ်ရွယ်ကညာလို။ နွယ်မဟာအမှန်ရောက်မှာ
ဖြင့်။တထောင်ကိုးရာလောက်ငွေကိုတောင်မသမျှောပါဘု၊
ချောချောမောမောက လေးပဒါသစ်တဲ့အောင်။ ကညာဖြစ်
ဆိုတဲ့ဆေးကိုရှာလေ့။ ။သက်အရွယ်ယခုဖြိုးတာကြောင့်။
ပျက်မပျယ် မှုမရှိးရအောင်။ အနုမျိုးတွေက ဖြင့်ရုံလင်စွာ။
ပွဲတွေ့လူပြောတာနှင့်ကြုံကြိုက်သော်ကြောင့်။ ကတိုးခွါ ရွှေသံ
လိုက်တွေနှင့်။ပန်တော်ဝင်သဇင်ပိုက်ကို၊ အားစိုက်လို့ရှာ။
ကြည်မျှသမှုပြုခိုက်ဟာ။ ရည်ဆတရ သုကြုံကိုက်ရာ။ ဗီယအနု
ကိုဖြင့်ရလိုက်ထာ။သုကြုံကိုက်ရာကို။ ရလိုက်ထာ ဘယ်မလပ်
ပြီဘု၊ဆရာတွေပွေ့ထိုထပ်ချေပေါ့။ပန်းသပ်ထု အဆိပေါ်ိး
ရယ်နှင့်။ကောင်းဆိုရင်စေ့အောင်သုံးခဲ့၊ဂမုန်းခိုင်ယင်ပင်ရွှဲ
မှာဖြင့်။ ဖေါင်စီးထက်ဖွဲ့ တခုလောက်သာ မဆောင်ခဲ့ရပါ

www.burmeseclassic.com

လေ့။ ။လွှမ်းချင်းကောက်။ ။ညို့ညို့ငယ်ဆိုင်းပါလို့။ ဒရုပ်မှိုင်းတဲ့ယီယီ။ ပြန့်ပြောငယ်စည်။ ပန်းရွှေရည်ထိန်ထိန်တောက်ပါတဲ့။ ဟိုအနောက်တိမ်ဖြူဝါငယ်။ သိမ်မှုရာဆန်းပါဘိတယ်လေး။ ။သံဖြတ်။ ။သိန်ဌာနေ။ပေါ့ရှင့်ဈာန္တာပြေ။ ကြိုးလမ်းနှင့်ကုံးတန်းမြေမှာ။ ဒရုံးထန်းပေမှိုင်းဒရုပ်ထို့ဝေ။ ။တာဝတိန်ငယ်။အာလိန်ငါးဆင့်။ နတ်နန်းမြင့်သို့။ ဆင့်ဆင့်နှုပျို့။ဆောင်ထပ်ခါမိုးတော့၊ ရွှန်ရိုတဲ့ရွှေအလျှံမှာ။ ကိုးမျက်ပျံကျောက် ရောင်နှင့်ထွေးသော်ကြောင့်။ ရှုမြင်သူစိတ်ကြည် အေးပါလို့။ ငေးလောက် တယ်၊လေး နော် တော့ လေးလေး။

အပျို့တော်နှင်းမိန်ဆို၊ ။ရွှေမုဋ္ဌောရင်ပြင်တော်မြတ်မှာ။ ပျော်ပျော် ပါးပါးလှမ်းချီတော်မူလာခဲ့။ ဆောင်ကြာရံနန်မြေသို့ရောက်တော်မူ လာပေါ့ထိပ်ထားရယ်။ ညီလာခံကွဲဆဲအခါမို့၊ အတွင်းတော်များမှာလဲ။ တယ်လို့တိပ်ဆိပ်နေတယ်၊ ခရီးရောက်မဆိုက်၊ မောလဲမောပမ်းတော် မူသေးတဲ့အခါကို။ တဖြေးဖြေးမှသိဟာ သနန်းခွင်သို့။ လှမ်းဝင်တော်မူပေတော့။အမောအပမ်းဖြေတော်မူပါဒရုံးဝှိပ်ထားဘုရား။

ဥမ္မာဒန္တီမိဖုရားဆို။ ။ရေ်ကံသင့်မြတ်လှပေါ့။ခရီးရောက်မဆိုက်မောပမ်းတော် မူသေးတဲ့အခါ။ တဖြေးဖြေးမှအတွင်းတော် သို့ဝင်တာပေါ့။ အမော အပမ်း ဖြေအောင်သောက်တော်ရေကလေးများသုံးဒရုံးမယ်၊ ။သုဝဏ္ဏပြဿဒ်များက။ငှက်မနားရွှေညောင်ရွက်ကို။ လေသက်တဲ့အသံနှာခံကြဒရုံးရို့။

တခန်းရပ်။

စစ်ကိုင်းမြို့တည်၍။ဘုရင်မင်းပျောက်စခန်းထဝေ၊ ။နန္ဒိသေန။ပိဒုရနှင့်။သေနကထုံး။ဆန်းညာဏ်မလှည့်။သိမ်းမှန်ကိုကြည့် တတ်တဲ့။ ပြည့်ထက် ရုံးတို့။ ။သုနာပရန်။

www.burmeseclassic.com

တမ္ဗဒိပ၊တိုင်းရဋ္ဌဟု၊ ဗေယျာပုရီ၊မြို့မှာနီ တွင်၊ ဆယ်ထိမင်ကျင့်၊လင်းလင်းပွင့်၍၊ အခွင့်ညီစွာ၊ ဖြူရိပ်ကာ၊စည်လာမပျက်ရိုးလေသည်၊ ရှေးနည်းမပျက်၊ သိဟာထက်ဝယ်၊ ကိုးမျက်ရတနာ၊ ထိန်ထိန်ဖြာလျက်၊ ရာဇာဘိသေ၊ သဏ္ဌာလေဟု၊မုဋ္ဌောစာဂီ၊ ဤသုံးလီနှင့်၊ အညီတင့်ရွှန်း၊ ဘိသိက်သွန်း၍၊လေးကျွန်းလယ်ခေါင်၊မြင်းမိုရ်တောင်နှင့်၊တန်ဆောင်မန်တိုင်၊ မယိမ်းပိုင် သကဲ့သို့၊ ခန့်ခိုင် ဖုံစွာ၊ ဝေနေ ယျာကို၊ မေတ္တာအေးကြူ၊သိမ်းပိုက်တော်မူသောကြောင့်၊မညှိုးသကနတ်ပန်းသည်၊သိတာစမ်းတွေ့ဘိသကဲ့သို့၊ ချမ်းမြေ့သာယာကြကြောင်းကို၊ ထပ်လောင်း၍ မေးဘွယ်မရှိပေဘူး၊ သို့ရာတွင်၊ ညီကလေးသတိုးစောလှကို၊ ရာမညတိုင်း၊တလိုင်းတို့မှာနေသို့၊နယ်ပုံတော်မှတ်ချေထို့၊ ခိုင်းစေတော်မူလိုက်သည်များ၊ပြန်လည်တော်မူသေးဘူးလာမောင်ကြီးများ၊

မပြန်လည် သေးကြောင်းကို၊ ဆိုင်ရာဝန်က သံတော်ဦးတင်၍၊ဋ္ဌင်းမင်းကြီးနာရီချ၊ ၊ကမ္ဗုထီး၊ကမ္ဗထီး၊သူရိယထီး၊စန္ဒထီး၊ ဗိသုကမ္မထီး၊ အာဒါပထီး၊ပဒုမထီး၊သမုထီး ဤထီးရှစ်စင်းတို့သည်မင်းတို့ဆောင်းအပ်သောကြောင့်၊ ရာဇဆတ္တကဟူ၍သမုတ်၏၊ဆဲ၊ရာဇဆတ္တကံ၊ထီးရှစ်ချက်က၊ ညောင်း ရွက်သံကို၊ နာခံ၍တမွေး မိတ်တော် မူအံ့ မည်လုကြီးများ၊

တခန်းရပ်၊

သတိုးစောလှမင်းသားသည်၊ ကုသိမရဋ္ဌတိုင်းပုသိမ်မြို့မှ၊ဥမ္မာဒန္တီမိဖုရားကြီးမွေးစားတော်မူသော၊ ဇာချသိင်္ဂ သိမကလေးနှင့်၊ မေတ္တာတော်မှ ၊ မြိုင်တွင်းကဗျက် လ စေ၊ ၊မင်းသားဆိုပိုးဒယာသံ ၊မတောင်ဂ နှန်း အလိုက်၊ ၊မျက်နေ့ဇာကွင်းမှာတော့၊လင်း၊လင်းလေးလေး

www.burmeseclassic.com

ရောင်ထိန်ဝါ။တောစပ်ခါ။ရိပ်သာညို့ညို့မှိုင်းပ၊ထို့။ရှုတိုင်းလေးသာယာ သာယာ။ လွမ်းဘွဲ့ ဂန္ဓာ။ ကြာမျိုးလေး ရုံစွာရုံစွာ။ လွမ်းတဲ့ကန်မှာ။ ငွေစင်ပမာ။ရေရင်ဇလာ။ ဖြာဖြာရက်သွယ်ဖြန့်း တယ်လေဗျာ။ ဧးချမ်းလေးစွာရ။ ဝါဠုရွှေသဓါ။ အကဲပြောင်ဝေ။ပုလဲရောင်ချေ၊ သောင်ခြေပုိအကွေ့မှာ။ ချမ်းလေး လေး မြွှတဲ့။ ကျောက် တွင်း ရေသီထာ။ ဆုမွန်တောင်း။သုဝဏ်ကောင်း။ လောင်းမြတ်စွာ။ရွှေနွယ်ကြိုး။ရေသယ်ပိုး။အိုးချရော။သောင်းသောင်းညံ့ခါ။သမင်သားနှင့်ခင်ရှေ့။ရွှေမှုားထိတာ။သည်တောထင်ရှဲ့ဗျာ။

မင်းသွီးဆိုဂင်းအသံ။ ။ပန်းရွက်ညှာရှုံးပါတဲ့။ကုန်းမော်ကွေ့မှာ။ ကျောင်းဝိပာ။ သာယာရိပ်သင်ခမ်း ရယ်နှင့်ခမ်းရယ်နှင့်။မဂ်လမ်းကိုမျှော်ခါမျှော်ခါ။ ကျိုးထိုပျော်ရှာ။လူလေ့ကိုရှောင်ခွါရှောင်ခွါ။ စောပါ ရိမယ်မှာမယ် မှာ။ အပိုမာန်ပါ။ နှစ်ကိုစံရာ။ သံဝါပုိအခင်း ငယ်နေ့ တော်။ သန့်ရှင်းလေးစင်ဖှာ။ မြူမှုမငြိတွယ်။ ပတ္တမြား လျှံဖြာ။ သိကြား စံရာ။ ကျောက်ဖြာဗဏ္ဏုတင်း တယ်။ သက် ဆင်းလေးခါပ။ မြတ်သါးဆက်ရတယ်။ဝေမှေါင်ရှင်း၊ရွှေရောင်ဝင်း၊ဆင်းနွဲ့နယ်။ ဒိဋ္ဌာန်ချော၊နိဗ္ဗာန်စော။ ဗောဓိနွယ်။ ငွေသဲသောင်စွယ်။သမင်ပေါင်းနှင့်မောင်မောင်။ခွေပြောင်းဗျာကြွယ်၊သည်တောဟုတ်လိမ့်မယ်။

မင်းသားဆိုဗုံကြီးသံ။ ။ရွှေသမင်မိဂါရ တို့နှင့်။ လောင်းသုဝဏ်မှူးတော်ခပါတဲ့။သဲသောင်စဝါဠုကော။ ပတော်ဖြုမြေဇာမျက်ကယ်နှင့်။တဘက်မှာကွင်း ပြောင်လပ်ပါထို့။ ရှုမြင်သူသဲ့ဖို့ပြတ်အောင်။တောစပ်လျက်နေ့လေ့။

မင်းသွီးဆိုလွမ်းချင်း။ ။စာမဘွဲ့နိုင်ဘုဘေ့။ဝါလဲ့လဲ့ကွင်းပြင်။မြက်စိမ်းငယ်လွှင်။ ရွှေသ မင်မိဂါရ တွေနှင့်။ သုဝဏ္ဏဗောဓိနွယ်ငယ်။ရေသယ်ခပ်တဲ့မြိုင်ပေလေး။ ။လောင်ဆင်းသံညှပ်။ ။သဲမြေသဲမြေသာက။အိုလေးလဲရွှေခါ။ဗျာပါ

www.burmeseclassic.com

မှိုသည့်ခင်း။ရာဇာသီလိမင်း၊ပစ်ခွင်းနှံ့သ။ သလ္လဒွေ့ဒါတ်ရာ။ မြတ်လောင်းတော်မှာ။ကြုံရပိဘာဂ၊ ပ။ကာယ၊ဗျာခ၊ကြုံရပိ ဘာဂ၊။ ၊လွှမ်းချင်းပြန်ကောက်။ ။စိမ့်နုဒိုငယ်၊မပတ် ချမ်းမြ။ငွေသောင်စမတော့၊ကြုံရတဲ့အခြေ။ ပြောင်းပြော့ခါ ရွှေခဲ့ပေါ့။မွေးမေနှင့်ဘာဝိတာငယ်။ ကျောင်း ဝိဟာရိပ်သင် ခမ်းဆီက၊ မျှော်တမ်းခါအချိန် ထောက်ပါလို့။ သားသုဝဏ် လာမရောက်သေ်ကြောင့်၊စိတ်နောက်တယ်လေး။ ။ယိုးဒ ယားပတ်ဆစ်ချိုး။ ။ဟိုခွင်။ရှိခင် တန်း၊ ဝိ ဟာ ကျောင်း သင်္ခမ်း။လွှမ်းတဲ့လွှမ်းဘွယ်သာ။ပန်းတဲ့ပန်းနွယ်ဖြာ။ သိင်္ဂါ ရ။ စိန်ဇာကြွလျှမ်း။နွဆန်းရှုခန်း၊လမ်းဆွယ်ကအေးမြဘွယ် ဆောင်၊သက်ဇောရွှောင်။ ငှက်ပြော မျှောင်။ ရစ်လည်လည် နွှာ။ကျားရော ဗိုင်ပြောင်၊ သစ် မည် ဇည် ပေါ်။ ဝါး တော မှောင် မှောင်၊ဖူး။ ခေါင်။ဝေ၊မြိုင်၊ ပင်ချင်း ဆိုင် ထို့။ သစ်၊ တော်။သစ်အယ်။သစ်ဒန်းနွယ်တို့။ ကွန့်ဆန်း ညွှန့်လန်းရှက် သွယ်၊ထိုင်မောမြိုင်တောကကျယ်၊ ။ထိုင်မောမြိုင်တော ကကျယ်။

မြိုင်တွင်းကံထွက်လှာသောစ ခန်းရပ်၍။ သဘင်ထုံးစံရှိ သည့်အတိုင်း။စာဆိုနှင့်သံပျက်လက်စွဲတို့။ ရယ်ရွှင်မှ ပြော ဆိုကြပြီးလျှင်။မင်းသားကောက်၍ပြောရန်၊ ။ရာဇဝသား တိ၊ကျမ်းအညီနှင့်။ လမ်းမှိမကွာ၊ ခစားလျက်ပါ ကြ။ မင် စာနှင့်တကွ။ကျိုးကန်းမတို့။ ။သုနာပရန်၊တမ္ပဒိပ။မြန်မာ့ ဦးစွန်း၊ တရာ အဆွေ။ ပနာခြွေ၍၊ နေ့လိုထွန်း။ လေးကျွန်းဗ ဟိုဋ္ဌ၊တောင်မြင့်မိုရ်တွင်။တိမ်ညှိရစ်ဆိုင်း၊အယုဇ္ဈတိုင်းကဲ့ သို့။စစ်ကိုင်းနဂရေ၊မြို့ရွှာနေမှ၊ ဘုန်းဝေနောင်လှ။ ဇနီခွဲက။ ရာမညတိုင်း၊တထိုင်းဦးစွန်း။ပါယ်အထွန်းသည်။ကျယ်ဝန်း ဘယ်မျှ။သိသာရအောင်။ညီလှဥပရစ်၊ နယ်ပုံတော်သင်ချ ဟု။ ခွန်းလှစ်သာကြည်၊ စေလိုက်သည် ကြောင့်၊ ပြည် ငယ် တိုင်းငှယ်၊စနပုန်ကျေးလက်။ပါယ်အကွက်ကို။ ပျက်စေရ။

www.burmeseclassic.com

နယ်ပုံတော်သခဲ့တယ်။ ရှေးက ဆု တောင်း။ ကိုတော်မြတ် ဘောင်းသော်ကြောင့်။ မင်းပေါင်း ဦးညွတ်။ ချမ် ခြင်းလွတ် သည့်ပြင်။ထွန်းမကိုနိုင်စိန်။ မြို့ပုသိမ်ကံ။ ရာဇိန်သမုဒ္ဒ။ မင်း ဂေါသသည်။ ပပလွဲဝင်း။ ရင်သွေး အစစ်။ ထင် တွေး ချစ်။ သစ် ယင် မင်း သို့။ ကြော့ ရှင်း သက် ရ။ မယ် ဇာ ရု တဲ့။ နှုတပြည်သူ။ဆက်သတော် မူလိုက် တယ်။ ဥဏ္ဏဂူနေ ရောင် လျှပ်ထာကြောင့်။ဇလပ်ဖြူပုံအ သွင် ကဲ့သို့။ ရွှေဖူး ပြင်သဝါ နှုကလေးမှာ။ချွေးအုရုတွေစိနေလိုက်ထာ။မောပန်းတော်မူရှာ ထင်ပါရဲ့၊တယ်သနားစရာ ကောင်းပါက လား မောင်မင်း။ ကိုတော်မြတ်တိုင်ပင်တော်မူဒုံးမယ်။ ။ရေစမ်း မခ။ ခွေ နွမ်းလျှ။ပန်းမြဒါရူ။ ငွေစကျ်ာသိန်။ ရွှေမျက် နှာမှိန်ဟဲ့တဲ့။ အို ဗျို။သိန်မြို့သူမိမိ။မျက်နှာတော်များအိုဟဲ့ခြည့်၊ ခလိုတော်ပါ မကျပြန်သလဲဗျို။

ဇာရှုသိင်္ဂိ ဆို၊ ။ရှ မှာသတိ ရ တော် မူထင် ပါရဲ့။ အခ ကျင်ထင်နှင့်မယားဆိုတာ။ ပြောစရာ ရှိပြော၊ ဆိုစရာရှိဆို။ တိုင်ပင်စရာရှိတိုင်ပင်။သည့်လိုသာမှပေါ့။ ကိုတော်တို့ဌာန ကိုမှမရောက်သေးဘူး။မျက်နှာထားတော့်ကြီးလွန်းလို့၊စိတ် ငယ်တာနှင့်အလိုက်အထိုက်နေရတာဘဲ။ အကြောင်းတော် ပါစဆိုတာ၊လင့်အကဲအလေးကိုလဲ မယားကခတ်ရတယ်။ မယား အကဲ အလေးကိုလဲ လင်ကခတ် ရတယ်။ ယခုမှာ တော့။ ရွှေသိန်မြို့ နဂရ ကထွက် တော် မူလာ ကတဲက။ တ ခွန်း မှခေါ် တော်မူ တာမ ထူး ရသေး ပါဘူး။ ရိုးစင်း လွန်မှ ထွန်ချတယ်ဆိုချင်ဆိုတော့။ ဘုရားနှမ လေးကိုဖြင့်။ မောင် မောင်ရိုးရိုးမတ်မတ်ကြီတော် မူမထင်ပါဘူး။ ရွှေသိန်မြို့နဂ ရမှာစံတော်မူတဲ့။ ဘုရင်ရောဇာမင်းမြတ် နှင့်ဥမ္မာဒန္တီမယ် ဘုရားတို့က၊သါးတော်ရင်းသွီးတော်ရင်းမဟုတ်သေါ်ထည်း။ သားတော်ရင်းသွီးတော် ရင်းကဲ့သို့ပင်။ သဘော တိုင်းစား တော်မူပါရဲ့ဆိုပေမဲ့လဲ၊ဝမ်းနှင့်မလွယ်၊သါးမမယ်တဲ့၊လယ်

www.burmeseclassic.com

လိုက်ိုးစါးစရာမမြင်လှဘူး။ရွှေကိုင်မြို့နဂရက။သတိုးစေါလှ မောင်မောင်နှင့်။မေတ္တာတော်လှံမိရင်ဘဲ။ပြေဘ်တခါဖြင့်မှိုရို စရာအားကိုးစရာရပေပေါ့။ထို့ဝမ်းမြောက်ဝမ်းသာရှိလိုက် ပါ။ပေါင်းဘော်စနှစ် ရက်သုံးရက်လော် ကဖြင့်။ ဖြောင့်မတ် မှဲ့ လက္ခဏာ ရှိပါရဲ့။ ယခု ပေါင်းဘော်ကြ ထို့။ သုံးလ လေး လလောက်ရှိလျှင်ဘဲ။စကားတမျိုးပြောထို့။ရွှေမျက်နှာတော် ကြီးကို။တပုံတခန်းထားတာကြောင့်။မောင်မောင်နှမဖြင့်အ လွန်အားငယ် တော့တာဘဲ။ သည် အဖြစ် သို့ရောက်မှဖြင့်၊ ကျားသနားမှန္တားချမ်းသာတော့မယ်။ ယခုဖြင့်အမှုတွေလွန် ကုံ ထို့။နဲ့နဲ့ကလေးမှမမော်ဝံ့ပါဘူးဘုရင့်။

သတိုးဧောလှမ်ငင်းသားဆို။ ။ခက် လိုက်ပါဘိဗျာ။ ရွှေဘူး စာသ။ အကြောင်းတော်မှုကြတာ၊သုံးလေးလပဲကြရှိမှ။ဝါဒ တော်သူငယ်ပြန်ရအရုံးမယ်ထို့။မထင်ကောင်းတါတွေမထင် ပါနှင့်။မိမိအပေါ်မှာ။မတော်မတရားတဲ့အကြံကိုဖြင့်။ ဘယ် တော့မှမကြံမိပါဘူး။ သည်တ ယောက်ဆို။ တုယောက်ပါ ဘဲ။ အေးအေးသာလိုက်ခဲ့ပါဗျ။ ရွှေစိတ်တော် မငယ်ပါနှင့်။ မောင်မောင်ကတော့။သည့်ပြင်မင်း သားများထို့။ ကန္တဲ့ကရ မပြောချင်လို့ပါ။ နှမတော် မိမိကို။ မချစ် ခင် မရုံ မက်လို့မ ဟုတ်ပါဘူး။

ဇာရသိဂ်ိ မင်းသို့းက။လက်စွဲကျိုး ကန်း မကို ခေါ်၍ ပြော ရန်။ ။အိုရှင့်ကိုကျိုးကန်းမရဲ့။ ကျွန်မကလဲ လင်ပေါ်မှာ ချင်။မောင်တော်ဘုရား ကလဲ။ကန္တဲ့ကရ ပြောလို့မ ချော့ချင်။ မချော့ချင်ရှိပါစေတော့။ သဖြန့်စမှာတန်းစကလေးများနှင့်။ စိန္တေပျမြတ်ဖျားမှာ။ သစ္စာတော်ထားသံကိုကျွန်မကကြား ချင်တိတ်ယ်။သဘောအလိုက်ပြော ပရစေတော့။ မောင်မောင် ဘုရားနှင့်အကြောင်းတော်မပါခင်။ အပျို စင်ကာလကဘဲ၊ သိချင်းစာကလေးများကိုအာ တော်ဝါ သနာရှိသော ကြောင့်။

www.burmeseclassic.com

တယ်လို့မှတ်ချင်သား ချင်တယ်၊ မောင်မောင်က။ဝါသနာရှိတော်မူမထင်ပါဘူး။

လက်စွဲကျီးကန်းမပြော။ ။သခင် မက လေးကလဲကိုတော်.အပေါ်မှာချွဲချင်တာမချွဲရလို့စိတ်ဆိုး၊ဘုရားကျွန်တော်မျိုး ကလဲ။ သည် ဇာတ်ရေး တဲ့ဆရာကို စိတ်နာ။ တမျိုးစိတပုံစီခက်နေကြပကောထိပ်ထားတယ်။

မင်းသ္မီးဆို။ ။ဘဲ့နှယ့်ကြောင့်စိတ်နာရသတုံးရှင့်ကိုကျီးကန်းမရဲ့။ဇာတ်ရေးတဲ့ဆရာက။ ကောင်းမွန်စွာစီရင်၍ပေးတာကြောင့်၊ရှင်တို့ကျွန်မတို့အားလုံးဘဲ၊ထင်ပေါ်ကျော်စောစွာ ရှိခဲ့ကြတယ်။ စိတ်ဆိုးစရာ အကွက် မဟုတ်ပါကလားရှင့်ကိုကျီးကန်းမရဲ့။

ကျီးကန်းမဆို။ ။ခက် လိုက် ပါ ဘိ ထိပ် ထား ရယ်။ ဘုရာ့ကျွန်တော်မျိုးကို။ယခုတတွတ်တွတ်ခေါ်နေတဲ့။ ကျီးကန်းမဆိုတဲ့အမည်ဟာ။သည်ဆရာမမှည့်ဘဲ။ ဘယ်အိမ်သာကြားကပြန့်လွင့်လာတာလဲ။ ဘုရားကိုရှူးပါစေ့ရဲ့။ ။လက်စွဲတော်ခင်လုပ်မစါးချင်ဘူး။မျက်နှာမရှိတဲ့လူကိုဖြင့်။တသိတ်ပဲနှိပ်စက်ချိုးပဲ့ချင်တယ်။

မင်းသ္မီးဆို။ ။ကိုကျီးကန်းမလို့ခေါ်တါကို။ရှင်ကတယ်ရှက်သလား။ လက်စွဲဆိုတာသည်ပုံဘဲနာမည် ပေးရတယ်၊ တချို့များကြာပေါ်တောင်မှည့်ကြသေးတာကဘဲ။

ကျီးကန်းမဆို၊ ၊ထိပ်ထားကပါ။ဝိုင်းမနှိပ်စက်ပါနှင့်။ သူများမှာအသီးသီးနာမည်မှည့်ကြတာ။ ရွှေလုပ်ကြီးတဲ့။ သခင်မစေ့စေ့တွေးကြည့်စမ်း။ဘဲ့လောက် မော်တဲ့ နာ မည်လဲ၊ ဘိုးထင်ကြီးတဲ့။သာကီတဲ့၊နှော့တော့တဲ့၊ မောင်ဆော်တောတဲ့။သူတို့နာ မည်တွေဟာ အထက်က ခြည်းဘဲ၊ ဘုရားကျွန်တော်မျိုးနာမည် မှာတော့။ ကျီးကန်းတောင်မှလဲ၊ကျီးကန်းထီးမဟုတ်ရ သေးဘူး၊ ကျီးကန်းမတဲ့။ ဟာပြော မှုင်းပြောရင်းစိတ်ပျက်ပါဘိတော့လေ။ဘုရားရှူးပါစေရဲ့။

www.burmeseclassic.com

www.burmeseclassic.com

မင်းသို့ဆို။ ။စိတ်ကျေပါတော့ကိုကျီး ကန်းမရယ်၊ ဆရာကနာမည်ဆန်းအောင် ကြံတာနှင့် တူပါတယ်။ လူနှင့် နာမည်နှင့်လဲအလိုက်သားကဘဲ။ပါစိတ်ပျက်ရမလဲ။ ။သို့ရာတွင်မောင်တော်ဘုရား ရွှေဌာန်းသံကို၊နာခံတော်မူပြီးလျှင်၊ သေလာရစ်ပိုင်း။ မြို့စစ်ကိုင်းသို့။ ဒေါင့်တိုင်းကရွှေမိုးစည်းညွှတုန်းကို။ စိမ့်ရိုတဲ့တောင် ခပမ်းမှ။ တဖြေးဖြေးလှမ်း တော်မူရမယ်။ စခန်းကလဲအပုံများ ပေ သေး တယ်။ စာတတ်သွား ကျယ်လို့မတော်ဘူးရှင့်ကိုကျီးကန်းမရဲ့။

သတိုးစောလှမင်းဆို။ ။ကျီး ကန်း မက။ပါ များ ထန် နေပြန်ပါလိမ့်။ နာမည်မ ကောင်းလို့မခံ ချင်တာဖြင့်၊ စာတတ် ရေးဆရာကို။သံပံစာ ပေးပါလား။ ဇေါက်မဲ့ ကြောင့် အော် ကျယ်အော်ကျယ်ပြောနေရ သေးသလဲ။ ပုဏ္ဏန်ထောင် တပ် မြေက။ဆရာမောင်ဖေါ့ရေးလိုက်တဲ့ဟံသသိဂ်ြဖြစ်စာတတ်က လေးထဲမှာ။ မူဆိုးနေ့ကလိုက်တဲ့ခွေးကို။ဖျူးညှိလို့တောင် မျှည့်သေးရဲ့။မောင်မင်းပါ ရှက်စရာရှိသလဲ။

လက်စွဲကျီးကန်းမဆို။ ။အညာကျေးတောကငဖျူးမဲ ဟာ။ပဲစားပြောင်းစားမို့သင်းမရှက်ပေမဲ့။ဘုရားကျွန်တော် မျိုးရှက်ပါတယ်ဘုရား။သည်နာမည်ကိုလွှဲတော်မူပါ။

မင်းသားဆို။ ။တိုင်းပြည် တော်အောင် ချာ ကျတော့ မှ။လဖက်ထုပ်များကမ်း၍။အမည်လွှဲပေးရမှာပေါ့။ ။သို့ရာတွင်၊ ဇာရုန္ဒနီကျောက်။ ပြောင်တ ဝေဝေ။ ရောင်ထွေထွေ နှင့်။တောင်ခြေအောက်က။ မြန်းရှောက်၍သာ။ စခန်းတော် ချွါကြစို့။မြေစာပန်းဂမုန်းပန်း။ဇာလပ်တာဝေယှက် ကုံးလို့ မို့။ငွေကြက်ရုံးတန်းနေ့လိုက်ထာ။ လမ်းလုံးဖြေ့ပြီးလျှ။ ပန်း ပေါ်တဲ့သည်ဟောမာက။လိုရာကိုခြွေသီကုံးပြီး လျှင်။ခင်းထိုး ပြည့်ပန်ခဲ့ပေတော့။အောင်နက်သံရွှေ ပြည်ကြီးကို။ မိုးလွှယ် အောင်လှမ်းတော်မူကြစို့။လက်စွဲတော်မင်းစာကူး။ကဗျာနှင့် စိကုန်း၍။အသုံးတော်ခံခဲ့မောင်မင်း။

www.burmeseclassic.com

မင်းစာသံချို။ ။ကဗျာညာဏ်စာနှံ့ လိုပြုရမှာဖြင့်။အပါဒါန်အာဒါရတွေနှင့်။ကိရိယာညှိခါသတဲ့ပြင်။ ဂိုဏ်းရှစ်ဝရုံလင်စွာ။ရှင်းမလစ်အောင်ပ။ ရှင်းစစ်ခါရပ်ရွာကျေးမှာလှ။လင်းသစ်စွာဇာတ် စာတေးတို့ကို။ ရေးတဲ့ဆရာ။မှန်သဘောကိုလှ။ပြန်ပြောခါထုတ်ဖော်လှစ်ရမှာဖြင့်။ သည့်ခေတ်သည်အခါမကော့။ ဇာတ်စာဆို တူတူ မှတ် ထာကြောင့်။ နောက်ထပ်ခါတယ်မထုတ်ချင်ဘု။ သေးနှုတ် သူခါနာငတ်တွေက။တဲ့စပ်လို့ပြိုင်ရှင်လာ။ရယ်စရာပေဘဲ။ ပမာခင်းရင်ဖြင့်။လမင်း ကိုဟောင်တဲ့ခွေးလိုပ။ အရေး ပုံသည်ခါဆိုက်ချေပေါ့။စာတိုက်တွင်ညာဏ်ကွန့် မြူးသည်ဟု။ အမျက်ပိုနက်ညှိဖူးတို့မှာဟယ်။ရှူးတဲ့ငမွဲ။

မင်းသားကောက်၍ဆို။အိုကြော့ဆုံးမေအလိုက်။ ။အိုဇင်ပန်းခိုင်။ခွေယိုင်လို့နွမ်း။မောင်ခင်ထမ်းပမယ်။ ။မင်းသ္မီးဆိုရင်းအဆက်။ ။ရုံတော၊ဟောလေလေ့ကန္တာနယ်၊မောပေမဲ့။ လိုက်လေလေး လိုက်ပမယ်။လေး ·တော်လိုက်ပမယ်။ ။မင်းသားဆို၊ရင်းအဆက်၊ ။ရွှေထမီ၊ဝေသီလို့ဖါးတယ်လေးဖါးတယ်လေး။ရွှေခါးရင်ဆီမှာ။ဆွဲပင့်လို့တင်လေလေး တင်လိုက်ပါ။လေးဗျာတင်လိုက်ပါ။

မင်းသ္မီးသုံးထပ်နဘောဆန်းကောက်၊ ။ထားခင်ကလျာ၊သွားရင်မကွာ။ခါး တွင်ပဝါကိုစီး ပါလို့။ ခိုင်ဇင်စကဝါ။ ကြိုင်လွင်နသာ။ မြိုင်ခွင်ဝနာ ကြီး မှာလှ။ ခရီး လေစင်တိုက်။ပျော်ပိုက်ခါ ရှင်။ငုမြိုင်ခွင်။တူမြိုင်ယှာင်။ငွေမျက်ဖျော်လဲထိမ့်တွဲခါငင်။ရွှေလက်တော်ရှိလို့.ဆွဲပါရှင်။ ပတိုပင်သည်ပင်ခိုဝင်လေတော်ခိုဝင်ခါနား။မြတ်ပါးမှါ၊နပ်ခါးကုန်ပြီ။အငွေတွေများတာကြောင့်တော်။ ရွှေအားကျုံ့လို့၊ စမ္ဘာယ်ခိုနှင့်၊အိုလေးအလွယ်ကြည်ခွင့်။စမ္ဘာယ်ခိုနှင့်နုံ့သာမိန်းအို။ဖျော်လိမ်းလေးမိရင်လိမ်းလေး မိရင်ကြောက်ရတယ်၊ထုံအချယ်။ရုံ့နှစ်သွယ်။ ငုံ့စမ္ဘာယ်ဖူး ကို။ ညွတ်နှုန်း ညွှတ်ဖူး။

www.burmeseclassic.com

ဇွတ်ရူးခါတွယ်တဲ့မောင်။ ချစ်ခင်စိတ်အပြေ။ လစ်လျှင်တဆိတ်မမေ့။ယစ်ချင်တဲ့အဆိပ်အငွေ့တွေကြောင့်။ သစ်ပင်ရိပ်တွေ့ရင်မယ်ကရှောင်။

မင်းသားဆို ၎င်း အာသံ။ ။ညက်အာသဝါ။မြွက်စကလာ။ ရှက်စရာကောင်းပါဘိ။ထူဖို့နဲ့သာ။ မြူထို့မကွာ။လူတို့ခံမွှတာအကြောင်း ကိုလှ။ မောင်း လေ ခတ်ပါ ထို့။ ကျော်သည့်ပုံ့နှယ်။မူမဘွယ်။ ဖြူစမ္ဘာယ်။ ခင်ခင်မင် ချက်ကြောင့်မြွက်ဝံ့တယ်။ယင်ယင်ပင်ခက်ကရှက်ဘူးကွယ်။ ။မင်းသို့ကြ။စကားဖြတ်၍ပြော။ ။ကိုက လားကျူပ်ကိုမရှက်ဘူးဆိုတာ။တော်ပါပေရှဲ့။ ပုဆိုး မရှိတဲ့လူကလုံအောင်ထိုင်ပါဆိုသလို။ရွှေသိန်မြို့နဂရက ထွက် လာကတဲက။ နေခံတော်ကကျေးကျွန်များရှိပါတယ်မောင်မောင်ရဲ့လို့။ရှိမိုးတောင်းပန်တာတောင်။ သည်းခံတော် မမူနိုင်တဲ့ကိုနံပိန်ရယ်။ယခုမှကိုကရှက်တော်မူရှာ သတဲ့ လား။ အကြောင်း တော်ပါစကတော့။ရိုးပုံရိုးလက်မျှတေတေနှင့်။ ကို့ထိုဆန်းပြားတဲ့လူဖြင့်။ရှိမယ်ထို့တောင်မထင်ပါဘူး။ အစားအသောက်မှာလဲအစားအသောက်မို့ဆန်း ပြားတယ်။ အဝတ်ပုဆိုး ဝတ်ပြန်ကော။အဝတ်ပုဆိုးမို့ဘဲဆန်းဆန်းပြား ပြားဝတ်ချင်တယ်။ အစစအရာရာမှာလိုက်ပြီးတော့ ဆန်းပြားတဲ့လူမို့။ လူဆန်းကြီးမှန်းသိပါပေါ့ကိုရွှေဆန်းရဲ့။ယခုမှကိုက လူမိုးကလေးမလုပ်ချင်ပါနှင့်။

မင်းသားဆို။ ။နူတ်သီးကောင်းလျှာပါးနှင့်၊တယ်အပြောအဆိုပက်စက်တဲ့မိန်း မကို။ နူတ် ကမထွက် လေနှင့်၊ထွက်ပြီဆိုမှဖြင့်။အပိုအရှုံထွေကများလိုက်ထာ။တယ်ရှက်စရာကောင်း။ သည်မိန်း မကိုဖြင့်ရှင်းကွာတော်မူခဲ့မှတော်တော့မယ်၊ဘယ်မတာ်။ ကျီး ကန်း မတိုကောမရှိ ကြဘူးလား။ ။ရှိပဘုရားလိုက်။ ။မင်းသားဆို။ ။သည်မိန်းမကိုဖြင့်မော်မင့်သခင်မပေါင်းထိုဘူးငယ်ကျွန်ရယ်၊ဖြတ်

www.burmeseclassic.com

www.burmeseclassic.com

စာမျှားရေးရအောင်၊ ကလောင်တန်နှင့်မှင်းအိုးမျှားပယူခဲ့ဟဲ့ မောင်မင့်၊ ရှင်းဖြတ်တော်မူလိုက်မယ်။

လက်စွဲကျိုးကန်းမဆို။ ။ကလောင်တန်ဖြင့်ပါရဲ့ကိုတော် ရယ်။ မှင်အိုး လောက် သာလိုတော့တယ်။ နှစ်ဦးသဘောတူညီညီညာညာကွာ ရှင်းတဲ့အမှုဖြစ်သောကြောင့်၊ရင်းအချက်တွင်၊ ထိပ်ထား သခင်မက။မှင်အိုးတလုံးထုတ်ပေးပေဘုရား။

မင်းဘွိုးဆို၊ ။မပေါင်းလိုထိုကွာတာကွာပါစေတော့ကိုကျိုးကန်း မရယ်။လူမနိုးတဲ့တော ကြီးထဲ မှာ။ ဘယ်ကလာထို့မှင်အိုးအခန့်သင့်ရနိုင်ပ မတုံးတော့။

ကြီးကန်းမပြော။ ။ထိပ်ထားကသာ၊ထိမ်ကျန်ထိမ်ကျန်ထားတယ်။ကိုတော်အရှင်ကပြောတော့။မှင်အိုးမှကွဲကော်ဘူးဆို့ကလေးပိတ်လို့တဲ့။

မင်းဘွိုးဆို။ ။ဟဲ့အသေကောင်။သေမင်းငင်၊ သူမို့ကြီးကြီးဘန်ဘန်။ရှက်စရာတော်။တကတဲ။

မင်းသားတေးချင်းပြန်ကောက်။ ။ညက်အသ့ဝါ။ ဖြွက်စကလာ။ရှက်စရာကောင်း ပါဘိ။ ထုံ့ဖို့နုံ့သာ။မြူလို့မကွာ၊လူ တို့မြွာအ ကြောင်း ကိုဖ္ဖာ။ မောင်း လေး ခပ်ပါလို့ကျော်သည့်ပုံနှယ်။ မူမဘွယ်။ ဖြူစမွာယ်။ ခင်ခင်မင် ရက်မို့မြွက် ဝံ့တယ်။ ယင်ယင်ပင် ခက်က ရှက်ဘူး ကွယ်။အသွယ်သွယ်ချင့်ရွှယ်လေးဗျာချင့်ရွှယ်ပါဘဲ၊ မြိုင်ထဲမှာထိုင်လှဲ့လို့သာ။ မူပုံတွေသပါလို့မိန်း မမယာ။ ရွှေပဝါ နှင့်။ အိုလေး ပွေ့ဗျာ ပါဆင့်။ ငွေနုံ့ သာမြင့် ရှုကြွေပဒို အ ကိုင်း မှာ၊ ခြည်ဆိုင်း ခါမာန်သုံ၊ ကြိုးဆွဲ ချခါသေမည့်ပုံ၊ လှိုက်တုန်။ ပတိုက်ရုံ။ ရှိုက်ချနဲ့ရင်ကိုနှက်တယ်။ အိုခက်။ ညိုညက်။ မိုရက်နှင့်ခွေပြော့လွှယ်။မဝေးသက်သေပြ။ အဆွေး ခက်ပွေဖွာသလို။စတွေးမျက်ရေကိုသလို့ငိုတဲ့မယ်။

www.burmeseclassic.com

www.burmeseclassic.com

မင်းဘွဲ့က။ လက်စွဲကြီးကန်းမကိုပြော။ ။အို ရှင့်ကိုကြီးကန်းမရဲ့။ သည်လူကိုဖြင့်ကျွန်မမပေါင်းနိုင်ပါဘူးလို့၊ တကဲ့အဟုတ်အ ဟုတ်များကွာမယ် ဆိုမှဖြင့်၊ တော်ရာကိုတိမ်းရှောင်လို့သူနေလိမ့်မယ်။ အချိန်တန်ပြီဆိုမှဖြင့်၊ ပြောမရဆိုမရနှင့်။ ပုဆိုးကလေးကိုခေါင်းမီးခြုံလို့သူလာတော့မယ်၊ လာပြန်ပြီဆိုမှဖြင့်လဲ။ ဩြော်ငယ်ကချစ်အနှစ်တရာမမေ့သါတဲ့၊ အစစအရာရာမျိုးကိုလိုက်၍စါနာတောနှင့်။ နါနာကြီးကြီး မပြောရက်မဆိုရက်ထာကြောင့်။ ထပ်တလဲလဲပြန်လို့ပေါင်းဘော်ရအုံးမှာဘဲ။ သည့်ဘဝသည်မျှသာထံစေဟဲ့လို့။ လူချင်းအပြတ်ကြီးပျတ်အောင်။ ငွေနံ့သါပင်ပျိုကိုင်းမှာ။ ရွှေပဝါခြည်ခါဆိုင်းပြီလျှင်။ အရိုင်းသေသေပါစေတော့လို့။ စိတ်ကအောင်းမေ့ပါ။ တကယ်တမ်းဆိုတော့လဲ၊ မသေဝံ့ပါဘဲကထါး၊ မသေဝံ့ရင်ရှိစေတော့လို့၊ ရွှေရင်ကိုလက်စုံရိုက်ပြီးလျှင်၊ တရှိုက်ရှိုက်ငိုပြန်ပါလှဲ၊ မျက်ရေကမထွက်ထါကြောင့်၊ မောင် မောင် မမြင်အောင်။ စတွေး ကလေး ဆွတ်လိုက်ပါ၊ သူမြင်သွား ပြန်တယ်၊ မြင်လို့ရှိမှ။ ကျွန်မကပြန်လို့ ချော့ရအုံးမှာဘဲ။

လက်စွဲကျီးကန်းမပြော။ ။ချော့တော်မူပါထိပ်ထားရယ်။ သည်လိုများချော့ချော့မြှောက်မြှောက် ပြုပြီဆိုမှဖြင့်။ သည်ဘဝအသက်ထက်ဆုံး။ ထိပ်ထားကိုခွဲတော်မူနိုင်မည့်မင်းသားမဟုတ်ပါဘူး။ လူကလူရိုး အမြှောက်ကြိုက်ကြီးကလားဘုရာ့။

မင်းဘွဲ့ဆို။ ၊လျှော်ကံသင့်မြတ် လှပေါ့။ မောင်မောင်သဘောတော် ကျအောင်။ မင်္ဂလာ ဇုံလှိုမ့် သံနှင့် ကျွန်မချော့မယ်။ နားထောင်နော်၊ ။မန်းရွှေညာ မောင်မောင်နယ်တရှောက် ကယ်က။ ဟံသာကိုစုံလာ ရောက်ရှာကြ၊ သဝင်းပေါက်ပေတဲ့ မင်းသားကျော်။ သုံးတော်ခံဦး ဒသာ ပြောရယ်နှင့်။ အုံ့ညြိ ဘွယ် မောင် ဘော ကွန်းသာပ။ ပြောအိုငို ဇောဗိ

www.burmeseclassic.com

အောင်လွှန်းတတ်တဲ့။ မောင်ထွန်းရယ်နှင့်မောင်ရဘော။မှူမသေတပုံသွယ်လို့။ အလုံနယ်အရှတော်က။ မင်းသားကျော်မောင်စံကဲရယ်နှင့်။ ဒွန်တွဲခါနယ်တရှောက်မှာတော့။ ဂုဏ်ရေတူနာမည်ပေါ်ခဲ့။ ကာရွှေကျောက် ကယ်က မောင်ကြီးထင်။ရှိက်အငင်ဖိုအလွမ်းတွေနှင့်။ စခန်းမှာအခြေဖြိုးပါဘိ။ ကြက်ဖြူတောင်ဘဘောဖိုးရယ့်ပြင်၊ပုဆိုးချိုသူတနည်းသာပ၊ ကမ္ဘဦးစာတင်ဆောင်ထို့သ တတ်တဲ့။ ပခုတ်ကူဦးရွှေကတို့မတော့။ထူးပေသပဝါစကံ။မြို့ရွှေဟံနယ်အကွက်မှာတော့။ ဇာတ်ချက်ကိုဖော် အောင်ဘမ်းတတ်တဲ့။ တိုက်ပန်းမောင်ညိုညိုညက် ကယ်နှင့်။ ယှဉ်ထွက် သူခား ဘေယွန်းပါတဲ့။ အလွမ်းမှာဇါတ်သယ်လို့ဖော်စ်ခဲ့၊မ လွဲဘောင်ချွဲမောင်သစ်ကယ်ထို့။ ခုခေတ်တွင် အလန်စိုက်ပါတဲ့။ အထွေထွေ ရစ်ရောင်ငိုက်တို့ထက်။ ပျိုကြိုက်သူလင် တပါးမှာတော့။ စံထားလျှင်အညွှန့်ဖူးပါဘဲ့။ပေါင်းမိသူကွာရင်ဖြင့်ရှူးပါရဲ့။နှဖူးတော်ရွှေဆံစငယ်က။ ချွေကျတာနံ့သာဆီပ။ ချိန်နာရီခါတော် စိရင်ဖြင့်။ရာပေကိုဇာနေနှင့်ဖော်ညှိပါလို့။ သူဇို့မောင်ကိုမာဃလိုပ။ အဖော်ထွင်ကွံချာချုပ်တယ်။ ဂိုဏ်းအုပ်တဲ့။ နဝရတ်လင်ပါ။ မစပ်မယှဉ်သာ။ ဂန္ဓမာရွှေတောင် စောင်းလို့။ ပန်းပေါင်းနှံ့ဖြာလေ့။

မင်းသားစကားဖြတ်၍ပြော၊ ။ကြားကြလားမောင်မင်းများ၊နှမတော်မိမိကညာဏ်ကွန့်၍ကြံလိုက်ထား၊မဂ်လာဇုံလှိမ့်သံတဲ့၊အမြီးအမြောက်တွေကအားကြီးပါဘိသနှင့်။ လူဆိုတာ အတုံ့ရှိလျှင် အလှဲ့ရှိစေ ရတယ်။ သုံးတောင်ဝတ်မိန်းမကတောင်ကြံနိုင်ဘန်နိုင်သေးတာကဘဲ၊အတောင်နှစ်ဆယ်ဆည်းတဲ့ မင်းယောကျ်ားဆိုတာ။ အညံ့ခံရိုးလား။ မင်းလာဇုံလှိမ့်သံနှင့်ဘဲ။မောင်မင်းသခင်ပြန်ချေတော်မူမယ်။

(၄)

www.burmeseclassic.com

www.burmeseclassic.com

လက်စွဲကျိုးကန်းမပြော။ ။ပြန်ချေတော် မူပါဘုရား။ မိန့်းမှဆိုတာနာနာချေနိုင်မှ။ မချေပြီဆိုမှဖြင့်။တယ်မာဆာ တတ်ပါဘုရား။

မင်းသားဆို။ ။မောင်မင်းပြောတာဟုတ်စရာလဲရှိရဲ့။ ကိုတော်အရှင်မြတ်ပွဲတွေ့တာသုံးလေးခါရှိခဲ့ပြီ။ သည်တခါ ဖြင့်ချေတော့မယ်။နားထောင်နော်။ ။စောဘဂဝါဟောခါ မြွက်ခဲ့။ ဓမ္မဂန်ရွှေစာ ထွက်မှာ တော့။ နှုညက်ပါတဲ့ မြကေ သွယ်။အမရာကိန္နရီနှင့်။ မင်းမဒီသမ္ဘူမရဲ့ပြင်။ ဥမ္မာဒံပပ္ပါ တို့မှာသည်ဟု၊စါသခါတောင်ပင်ရေးကြဲလို့။တော်လေးဝင်ဖြူ ပြာညှက်တို့ကိုလှ။ ဝကွက်ခါ ပချုံခဲ့မယ်။ လကျာဆွယ်ဒက္ခိ ဏကျွန်းတွင်မှ။မှော်ကွန်းတိုင်အတည်တည်နှင့်။ဗါရာပြည်သာဝ ထိရဲ့ပြင်။ဝေသာလီပြေသိရိသာပ။မိန္ဒိလာအာဠဝီဟု။ဥဇ္ဇေ နီကုသမ္ဘရယ်နှင့်။ တက္က သိုလ် စမ္ပာ နဂရ သာပ။ သံသုမာ သာဂထရဲ့ပြင်။ ရာဇဂဟာတိုင်းကပ္ပိ။ အလီလီအသွယ်သွယ် ပ။ မှတဲ့ မယ်ယည် မကိုဋ်တို့ကို။ ခတ် ရိုက်ခါ ငွေလွှာပုံ နှင့်။စေ့ရုံအောင်မောင်မြင်ဘူးပါရဲ့။ ကြော့ကြော့မှူးလေမှ မလာချေ။ကညာမေအလွန်ရုံတဲ့။ မြို့ရွှေကုန်နယ်ခရိုင်ပ။မော် လမြိုင်ရေး ရွှေဘိတ်ကယ်နှင့်။ တနသ်ာနယ် နိမိတ် ကဲ့ပြင်။ ဗျာဒိပ်တော်ချွေခါသပါတဲ့။ မြို့ဟံသာပြည်နဂရငယ်က။အ ထက်ကို ဘန်းမော် ကျခဲ့ပေါ့။ ရှာနရုံသည် နယ်ဘောင်မှာ တော့။ မင်းတို့မောင်ကိုယ်တိုင်ရောက်ဟာမို့။ပြောလောက် အောင်မှာသူမှာပါငဲ့။နဂရရယ်ရွှေသိန်မြေက။ညာတဆွေဇာ မေရှုထိုဖြင့်။ ချောနှုတာမမြင်ဘူးပေဘု။ ယောဂီရှင်ပုဂ္ဂိုလ် ထူးတို့တောင်။ မူးယစ်လို့။ ပွေပွေလိုင်စွာ။ တွေဝေမှိုင်ခါ၊ ဘာဝနာသမထအခင်းကို။ ရှင်းမေ့ရပါ။ မဇာ။မှတာ။ရှင်း မေ့ရပါလော့။

မင်းသွီးပြော။ ။ယာရကိုဆိုတဲ့အတိုင်း နှမတော်မှ တယ်ဆို။ကို့ဘုရားရူး။ ။မင်းသားဆို။ ။ပြောသလေ

www.burmeseclassic.com

www.burmeseclassic.com

လဲဘယ်ဟုတ်နိုင်ပမတုံး။ကို့မယားမို့ကိုဖြီးမြှောက်ရတာပေါ့ဗျ။ ။မင်းသွီးကလက်စွဲကျီးကန်းမကိုပြော။ ။ကြွားရဲ့လားရှင့်ကိုကျီးကန်းမှရဲ့။ယခုမောင်တော်ဘုရားကမဂ်လာဖုံလိမ့်သံနှင့်ဖြီးမွမ်းတော်မူတာ။ ဆိုသလောက်ဗ္ဗတာဖြင့်မဟုတ်ပေးဘူးတဲ့။ ကို့မယားမို့ကိုမြှောက်ပင့်ရတာပါတဲ့။ ကျွန်မကတော့။ စိတ္တေယျမြတ်စွာဘုရားစူးပါစေရဲ့။ တကဲ့ကိုစိတ်ထဲကထင်တဲ့အတိုင်းဖွင့်လိုက်ထာပါ။ယောက်ျားဆိုတဲ့လူမျိုးဟာ။ သားမယားကိုချစ်ဆိုပေမဲ့။မျက်နှာချင်းဆိုင်မိတဲ့အခါလောက်သာ ချစ်ထင်ပါရဲ့။ ကျွန်မဖြင့်ဘုရားပေးပေးကျမ်းပေးပေး။ ခုနှယ်အခါများကို အကြောင်းတော်ကုံထိုမို့ကဲ့ပြားကြလျှင်။ကေန္တသေဖြစ်မှာပါဘဲတော့။

လက်စွဲကျီးကန်းမဆို။ ။သို့မို့ကြောင့်ကာလီဒါသဆရာကဆာဝိကျမ်းတွင်ရေးသားတော်မူတာဘဲ။ ။မင်းသွီးကထောက်၍မေး။ ။ဘယ်ပုံများကာလီဒါသဆရာရေးပါလိမ့်။ ။ကျီးကန်းမပြော။ ။ခါးသေးထို့ရင်ချီသောမိန်းမတို့သည်။ပဆုတ်ပနီရှုပ်တဲ့မိန်းမတဲ့ထိပ်ထားရဲ့။ ။မင်းသွီးပြော။ ။အမယ်မင်းလူတတ်လေး။ခါးသေးထို့ရင်ချီလျှင်။ ပဒုမ္မနီ မိန်းမထိုသာ ရှိပါတယ်ရှင့်။ တယ်အမှတ်အသားကောင်းတဲ့လူကို။

လက်စွဲကျီးကန်းမဆို။ ။တံတော့တံတော့။ကိုကျီးနဲ့ကုန်ပြီ။သံပျက်ကိုင်အပြောလွဲသော်ကြောင့်။ စပေါ်ငွေတရခွဲအ ဗိပ်ထဲက၊ တပဲမူး တင်ရှော့ တော့မှာဘဲ။ သွား လေ့ဟယ်။ပျောင်းချေဘိုးကလေး။

မင်းသွီးဖုံကြီးသံကောက်ဆို။ ။သတိုးကျော်နေနွယ်ဖော့ငယ်က။ အချက်တော် သိသီပေါ့ သော်ကြောင့်။ အားရေ့လိုက်ပါဘိသည်မယ့်မှာ။ရွှေသိန်သူယင်ဆိဒ်မှါတော်မျိုးအဆွေဘယ်မရှိသော်ကြောင့်။ မဏိခိုင်ဒါရွှနှစ်ကိုတိုးချစ်ပဖျာ။သက်လျှာ။မက်ဖွာ။တိုးချစ်ပဖျာလေ့။

www.burmeseclassic.com

သတိုးစေသတ်မင်းသားလွမ်းချင်းကောက်။ ။အားမပြောပါနှင့်မေ့။ငွေဖော့နှစ်ဒါရူ။ ဘိန်နဂရမြို့ကြီးသူငယ်၊သဘောဖြူသည် မောင်ဟုတ်ပါရဲ့။ အချုပ်နှင့် စိန္တေယျာမှာ။ ကျိန်ရွှေစာရှက်လိုက်ပမယ်လေး။ ။မင်းသွီးဆိုသံဖြတ်။ ။မရုံနိုင်။ဟောရှင့်မရုံနိုင်။သရေနှင့်အပြောမြိုင်တယ်။ စည်းစားခါမေးထောက်လို့မှိုင်။ ။မင်းသားလွမ်းချင်းပြန်ကောက် ။ ။ချစ်ပနာငယ်။မေတ္တာကြီးတ်။ရွှေလွန်းကျင်လို။ခွန်းဆင်သလို။နှမငယ့်ရစ်နောင်။ကျင်ရေးတော်နှောင်ထိုက်ကဲ့။သာခေါင်မြင့်ဘွဲ့သိဝံတွင်။ တဏှာညှံ့ကိစ္စချောခါမှ။ သဘောဖြူယည်ပင်နှံ့ကိုလ။စေတနာသွေးဆွဲလွှပါလို့။ခွဲခဲ့မယ်လေး။

ဇေယျာပူရစစ်ကိုင်းမြို့သို့ရောက်၍မင်းသားဆို။ ။လက်စွဲတော်မင်း စာတို့ကျီးကန်းမတို့။ ရာမညတိုင်း၊ တလိုင်းတို့ပျော်စံသော။ရွှေသိန်မြို့နဂရမှ။ ချီထွက်တော်မူပြီးလျှင်။ ဇေယျာပူရ၊စံရှာနသို့၊ မြန်းတြွပြန်လည်တော်မူလာခဲ့။အိမ်ရေ့အဆောင် တော်များမှာ။ မောင်မင်းတို့ သခင်မရှိ ကတဲက။ချောက်သွေ့တိတ် ဆိတ်တော် မူလိုက်ထ။ အိမ်တော်ဝန်များလဲမလာမရောက်ကြဘူးထင်ရဲ့၊သို့ရာတွင်။ ခရီးရောက်မဆိုက်။ မောလှဲမောပမ်းတော်မူတဲ့အခါကို၊ နံနက်ညီလာခံမှ။သိဟာသနန်းခွင်ကို။ မြန်းဝင်တော်မူကြရို့။နှမတော်မိမိကလေးဖြင့်၊တယ်မောပမ်း တော်မူမှတ်တယ်။စကားများမှပြောဘော်မရပါဘူး။

မင်းသီးဆို။ ။လင်နှင့်မယားမျက်နှာချင်းဆိုင်ပြီးတော့။သည်လိုများသာခနဲ့သွားရမယ်ဆိုမှဖြင့်။ နောက်ကိုတလခရီးလောက် သွားနိုင် ပါသေးရဲ့။ သည့် ပြင်က မိန်းမများကတော့။မြေကြီးလို့ဆို။ထွာညှိခန့်မှုတ်မ်းတြွကွန့်ချေဘူးတာမဟုတ်ပါဘူး မောင်မောင်ရဲ့ကိုး။ သနွှေဘွားသိကြားမိုးနွယ်မို့။ ဘွားခြေတော် နုနုမှာသွေးချည်တော် အုပါပေါ့ မောင်မောင်ရဲ့ကိုး။ငွေပံသုမြေမဟီမှာ။ ရွှေမိုးတိတွင်းသကဲ့သို့။တ

www.burmeseclassic.com

